# သစ်တောရေးရာဝန်ကြီးဌာန
# သစ်တောဦးစီးဌာန
# ထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေမည့်
# သစ်တောစီမံအုပ်ချုပ်မှု၌ပြည်သူများတက်ကြွစွာပါဝင်သော
# ဝါးအသုံးချမှုမြှင့်တင်ရေးလုပ်ငန်းစီမံကိန်း

Review of

ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့များ (**Bamboo Products Producer Groups**) နှင့်
ဝါးကုန်ထုတ် သမဝါယမ အသင်းများ (**Bamboo Products Co-operatives**) ဖွဲ့စည်းရေး
လမ်းညွှန် (မူကြမ်း)

ဦးစိန်သက်
National Consultant
ITTO – Project

၂၀၀၅ ခုနှစ် မတ်လ

Consultant Report (DB)
18 Dec. 06
No. 1735

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
အိုင်တီတီအိုဝါးစီမံကိန်း

## ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့များ (Bamboo Products Producer Groups) နှင့် ဝါးကုန်ထုတ် သမဝါယမ အသင်းများ (Bamboo Products Co-operatives) ဖွဲ့စည်းရေးလမ်းညွှန် (မူကြမ်း)

### ၁။ နိဒါန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်နေသော အိုင်တီတီအိုအထောက်အပံ့ခံ ဝါးစီမံကိန်း၏ ရည်ရွယ်ချက် အပိုဒ်(၂)တွင်၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းအတွင်း ကျေးလက်နေလူထုအတွက် ပိုမိုဝင်ငွေရရှိစေရန် တိုးတက်ခေတ်မီသိပ္ပံနည်းကျ ထုတ်လုပ်မှုစနစ်နှင့် ရောင်းဝယ်မှုတို့ကို အသုံးပြု၍ ဝါးကုန်ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်သွားရန်ဟု ပါရှိပါသည်၊ သို့ပါ၍ ဝါးကုန်ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက်များ လိုအပ်လာသည်နှင့်အညီ ဤဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့များ (Bamboo Products Producer Groups) နှင့် ဝါးကုန်ထုတ်သမဝါယမအသင်းများ (Bamboo Products Co-operatives) ဖွဲ့စည်းရေးလမ်းညွှန်ကို ပြုစုရေးသားရခြင်းဖြစ်ပါသည်၊ လက်ရှိ ကျေးလက်လူထု အခြေအနေအရပ်ရပ်ကို ခြုံငုံသုံးသပ်၍ ဝါးကုန်ထုတ်လုပ်ငန်း အဖွဲ့ငယ်များကို သင့်တော်သလို စတင်ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပြီး တိုးတက်မှုများအပေါ်အခြေခံ၍ လုပ်ငန်းအဖွဲ့ငယ်များကို စုစည်းပြီး ဝါးကုန်ထုတ်သမဝါယမအသင်းများ ဆက်လက်ဖွဲ့စည်းဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်၊ လမ်းညွှန်ချက်ပါ အချက်အလက်များကို ကိုးကားရည်ညွှန်း၍ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းများအတွင်း အိုင်တီတီအိုဝါးစီမံကိန်းမှ ရွေးချယ်သတ်မှတ်ထားသော ကျေးရွာများတွင် စီမံကိန်းမှ ဦးဆောင်ကြီးကြပ်၍ ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့ငယ်များနှင့် ဝါးကုန်ထုတ်သမဝါယမအသင်းများကို ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

### ၂။ ဦးတည်ချက်များ

(က) အသင်းသားများ၏ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးတို့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ ချမှတ်ထားသော မူဝါဒများနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ဝါးကုန်ထုတ်လုပ်ငန်း အဖွဲ့ငယ်များနှင့် ဝါးကုန်ထုတ် သမဝါယမအသင်းများ၏ အကျိုးစီးပွားသာမက၊ နိုင်ငံတော်၏ အကျိုးစီးပွားအတွက်ပါ အထောက်အကူ ပြုစေရန်၊

(ဂ) လုပ်ငန်းများကို စနစ်တကျ စုစည်းအသုံးပြုခြင်းအားဖြင့် လုပ်အား၏ ထုတ်လုပ်မှုစွမ်းအား တိုးတက်မြင့်မားလာစေရန်၊

(ဃ) ကုန်ထုတ်အရင်းအနှီးများကို စုစည်းအသုံးပြုခြင်းဖြင့် ကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်၍ ဝင်ငွေ ပိုမိုရရှိလာစေရန်၊

(င) သိပ္ပံနည်းကျတိုးတက်နေသည့် ခေတ်မီနည်းပညာနှင့် အတတ်ပညာများကို အသုံးပြုခြင်းဖြင့် ကုန်ထုတ်ပစ္စည်း အရည်အသွေး မြင့်မားတိုးတက်လာစေရန်၊

## ၃။ အသင်းသတ်မှတ်ချက်နှင့် ဖွဲ့စည်းခြင်း

ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့ (Bamboo Products Producer Group) နှင့် ဝါးကုန်ထုတ် သမဝါယမ အသင်း (Bamboo Products Co-operative) ဆိုသည်မှာ ဒေသတစ်ခုအတွင်းရှိ ဝါးကိုအခြေခံသော ကုန်ပစ္စည်းများ ထုတ်လုပ်သူများအား နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး စသည်အားဖြင့် တိုးတက်မြင့်မား စံနမူနာပြဖြစ်အောင် စည်းရုံးဖွဲ့စည်းပေးခြင်းဖြစ်ပါသည်၊ ဝါးကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နေသော လူတစ်ဦးခြင်း၊ တစ်အိမ်ထောင်စုခြင်းများအား အိုင်တီတီအိုဝါးစီမံကိန်းမှ စုစည်းဦးဆောင်၍ မိမိတို့ ဆန္ဒအရ လုပ်ငန်းအဖွဲ့ငယ်များ၊ သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်မည့် ဝါးကုန်ထုတ် လုပ်ငန်းအဖွဲ့ငယ်များနှင့် ဝါးကုန်ထုတ် သမဝါယမအသင်းများ ပါဝင်ပါသည်။

## ၄။ အသင်းအဖွဲ့အမျိုးအစား

ဖွဲ့စည်းတည်ထောင်မည့် ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့ငယ်များနှင့်ဝါးကုန်ထုတ်သမဝါယမအသင်းများသည် အသင်းသားများအား ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားအလိုက် အလုပ်လုပ်စေ၍ လုပ်အားပေးသည်နှင့်အမျှ အကျိုးစီးပွား ရရှိခံစားစေသော အသင်းအဖွဲ့မျိုး ဖြစ်ရပါမည်။

## ၅။ နေရာဒေသရွေးချယ်ခြင်း

ဝါးအခြေခံကုန်ပစ္စည်းများထုတ်လုပ်သူများသည် ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့ငယ်များနှင့် ဝါးကုန်ထုတ် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်ကြမည်ဆိုပါလျှင် အောင်မြင်မှုရရှိစေနိုင်မည့် ရေမြေရာသီဥတု၊ လမ်းပန်းဆက်သွယ်ရေးနှင့် ဝါးကုန်ကြမ်းရရှိရေး၊ အခြေအနေအားလုံးကောင်းမွန်ပြီး လုံခြုံမှုရှိသည့် နေရာကို အဓိကဦးစားပေး ရွေးချယ်သင့်ပေသည်၊ ဖွဲ့စည်းမှုများ အရှိန်ရလာလျှင် ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့ငယ်များနှင့် ဝါးကုန်ထုတ်သမဝါယမအသင်းများဦးရေ များပြားလာသည့်အခါတွင် အထက်ပါအခြေအနေများကို အဓိက ဦးစားပေးမထားတော့ဘဲ နိုင်ငံတော်အခြေအနေနှင့် ကုန်ထုတ်သမားတို့၏ ဆန္ဒတို့ကို စပ်ဟတ်၍ နေရာဒေသ ရွေးချယ်ဆောင်ရွက်သွားရပါမည်။

## ၆။ အသင်းအဖွဲ့ အစုငွေနှင့် ပံ့ပိုးကူညီခြင်း

(က) ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့ငယ်များနှင့် ကုန်ထုတ်သမဝါယမအသင်းများတွင်ပါဝင်သော အသင်းသားများ အနေဖြင့် အစုငွေကို ငွေကြေးအဖြစ်ဖြင့်သာ သတ်မှတ်ထည့်ဝင်ရမည်။

(ခ) အသင်းအဖွဲ့များ ထူထောင်စအချိန်တွင် အသင်းအဖွဲ့များ၏ ကုန်ထုတ်အရင်းအနှီးအချို့ကို စီမံကိန်းမှ ပံ့ပိုးကူညီခြင်းနှင့် တတ်နိုင်သော အသင်းသားများမှ ထည့်ဝင်ပိုင်ဆိုင်ကြမည်ဖြစ်ပြီး ရေရှည်တွင် အသင်းက ပိုင်ဆိုင်ရန် ဖြစ်ပါသည်၊ ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့ငယ်များနှင့် ကုန်ထုတ်သမဝါယမ အသင်းများအတွက် လိုအပ်သော အချို့သော ကုန်ထုတ်ကိရိယာ၊ ပံ့ပိုးပစ္စည်း၊ အခမဲ့နည်းပညာနှင့် အချို့သော ငွေကြေးအနည်းငယ်တို့ကို စီမံကိန်းမှ အကူအညီပေးပြီး အသင်းအဖွဲ့များ အောင်မြင် တိုးတက်လာသောအခါ (သို့မဟုတ်) စီမံကိန်းကာလ ပြီးဆုံးသောအခါတွင် စီမံကိန်းမှ ကူညီပံ့ပိုးပေးခဲ့သည်များကို တန်ဘိုးသတ်မှတ်၍ အသင်းအဖွဲ့များသို့ လွှဲပြောင်းပေးအပ်မည်။

**၇။ အသင်းသားလက်ခံခြင်းနှင့် အမှုဆောင်အဖွဲ့**

(က) ကျေးလက်နေလူထု၏ဆန္ဒအရ ဖွဲ့စည်းတည်ထောင်သော ဝါးကုန်ထုတ်လုပ်ငန်း အဖွဲ့ငယ်များနှင့် ဝါးကုန်ထုတ်သမဝါယမအသင်းများတွင် အဓိကအားဖြင့် မြေယာအခြေခံသည့် လုပ်ငန်းများဖြစ်သော သစ်တော၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း တစ်မျိုးမျိုးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူ နိုင်ငံသားများနှင့် ဝါးကုန်ထုတ်လုပ်ငန်းများကို စိတ်ပါဝင်စားသူ နိုင်ငံသားများကို အသင်းသားအဖြစ်ဖြင့် လက်ခံနိုင်ပါသည်။

(ခ) ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့နှင့် ဝါးကုန်ထုတ်သမဝါယမအသင်းများတွင် အသင်းသားများဆန္ဒအရ အလုပ်အမှုဆောင်အဖွဲ့များကို ဖွဲ့စည်းဦးဆောင်စေရပါမည်။

**၈။ အသင်းအဖွဲ့များ၏ စည်းမျဉ်းစည်းကမ်းများ**

ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့များနှင့် ဝါးကုန်ထုတ်သမဝါယမအသင်းများသည် အသင်းသားအများဆန္ဒနှင့် ကိုက်ညီသော စည်းမျဉ်းစည်းကမ်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြိုတင်ပြုစုထားရှိပြီး အမှုဆောင်အဖွဲ့မှ ဦးဆောင်ကြီးကြပ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အားလုံးသည် စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရပါမည်။

**၉။ အသင်းအဖွဲ့များ၏ ရန်ပုံငွေ**

(က) မြေယာကိုအခြေခံ၍ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်သူနိုင်ငံသားများသည် မိမိတို့အချင်းချင်း လူအား၊ ငွေအား၊ ပစ္စည်းအား စုစည်းစုပေါင်း၍ လုပ်ကိုင်ဆောင်ရွက်လျှင် သိသာစွာအကျိုးရှိလာမည်ကိုမြင်သဖြင့် ကိုယ့်အားကိုယ်ကိုးလုပ်ငန်းအဖွဲ့များ၊ သမဝါယမအဖွဲ့များ ဖွဲ့စည်းကြခြင်းဖြစ်သည့်အလျောက် ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့များနှင့် ဝါးကုန်ထုတ် သမဝါယမအသင်းများတွင် လုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် လိုအပ်သမျှကို စုဆောင်းကြရပေမည်၊ အစုထည့်ဝင်သည့်ငွေကြေး၊ကုန်ထုတ်အရင်းအနှီးစသည့် ရန်ပုံငွေတို့မှာ လုပ်ငန်းလည်ပတ်မှုကို အထောက်အကူပြုနိုင်သော ပမာဏ ရှိစေရမည်ဖြစ်သည်။

(ခ) ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ငွေကြေးဆိုင်ရာလုပ်ငန်းရပ်များအတွက် လိုအပ်ပါက ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွင့်လှစ်ထားသော ဘဏ်များနှင့် သမဝါယမဘဏ်များမှ ငွေကြေးပိုင်း အထောက်အကူရယူရန်ဖြစ်သည်။

**၁၀။ ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့များအတွက် ဆောင်ရွက်ရန်များ**

(က) ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့များသည် မိမိတို့ဆန္ဒအလျောက်ဖွဲ့စည်းသော အဖွဲ့များဖြစ်သင့်ပြီး အများ၏ ဆန္ဒသဘောထားအတိုင်း လိုက်နာဆောင်ရွက်သင့်သည်၊ ဘယ်လိုလူမျိုးကို အဖွဲ့ဝင်အဖြစ် လက်ခံမည်၊ မည်သူကဦးဆောင်ဦးရွက်ပြုမည်၊ မည်သည့်စည်းကမ်းချက်များကို လိုက်နာရမည်၊ မည်သည့် တာဝန်ဝတ္တရားများကို လိုက်နာထမ်းဆောင်ရမည် စသည်တို့ကို အဖွဲ့ဝင်များ ဆုံးဖြတ်သင့်သည်၊ အားလုံး၏ သဘောတူညီမှုသို့မဟုတ် ဆန္ဒမဲများအပေါ် မူတည်၍ ဆုံးဖြတ်ချက်များကို ချမှတ်ရပါမည်။

(ခ) တည်ငြိမ်ခိုင်မြဲသောလုပ်ငန်းအဖွဲ့များဖွဲ့စည်းဖြစ်ပေါ်လာရေးအတွက် လုပ်ငန်းတူအဖွဲ့ဝင်များ ဖြစ်သည်နှင့်အညီ အချင်းချင်းသည်းခံယိုင်းပင်းကူညီမှုရှိဖို့လိုအပ်ပါသည်၊ လုပ်ငန်းဆောင်ရွက်ရာတွင်

အဖွဲ့ဝင်ဖြစ်လာနိုင်သူများ စိတ်ပျက်သွားစေနိုင်သည့် အလွန်အမင်းမြန်ဆန်ခြင်းနှင့် အလွန်အမင်း နှေးကွေးခြင်းဟူသည့် အစွန်းနှစ်ဖက်လွတ်အောင် ဆောင်ရွက်ကြရပါမည်။

(ဂ) လုပ်ငန်းအဖွဲ့တစ်ဖွဲ့၏ အရှည်တည်တံ့ခိုင်မြဲရေးအတွက် အဖွဲ့သားများသည် မိမိတို့၏ လုပ်ငန်းကိုင်ငန်း ကိစ္စအဝဝကို မိမိတို့ကိုယ်တိုင် နိုင်နိုင်နင်းနင်း ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း ရှိရပါမည်။

(ဃ) တကယ်ထိရောက်၍ အကျိုးရှိသော လုပ်ငန်းအဖွဲ့တစ်ဖွဲ့ဖြစ်လာဖို့ လုပ်ငန်းအဖွဲ့ဝင်များသည် ဆွေးနွေးတင်ပြခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ လုပ်ငန်းဝင်ငွေ၊ လုပ်ငန်းအကျိုးအမြတ်ခွဲဝေရေး ကိစ္စရပ်များ စသည်တို့တွင် တိုက်ရိုက်ပူးပေါင်း လုပ်ဆောင်ခွင့်ရရှိပြီး စုပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါမည်။

(င) အဖွဲ့ဝင်များတွင် တူညီသောမျှော်မှန်းချက်နှင့် ရှင်းလင်းပြတ်သားသော ဦးတည်ချက်များကို ချမှတ် ပြဌာန်းထားရန် လိုအပ်ပြီး မိမိတို့၏ မျှော်မှန်းချက်၊ ဦးတည်ချက်များ ပြီးမြောက်အောင်မြင်ဖို့ အဖွဲ့ဝင် အားလုံး ရိုးသား ကြိုးစားကြရပါမည်။

(စ) အဖွဲ့ဝင်များသည် မိမိတို့လုပ်ငန်းအဖွဲ့အတွက် စည်းမျဉ်း၊ စည်းကမ်းများကို မိမိတို့ကိုယ်တိုင် ပါဝင်ဆွေးနွေး ရေးဆွဲထားရှိပြီး လေးစားလိုက်နာကြရန် သဘောတူကြရမည့်အပြင် လုပ်ငန်းများကို ဦးဆောင်ဦးရွက် ဆောင်ရွက်နိုင်ရေးအတွက် ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းစစ်နှင့် အဖွဲ့ဝင် (၃)ဦးမှ (၅)ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့တစ်ဖွဲ့ကို ရွေးချယ်တင်မြှောက် ကြရမည်။

(ဆ) အဖွဲ့ဝင်များသည် ဆွေးနွေးပွဲများတွင်လည်းကောင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ အလုပ်များ လုပ်ကိုင်ရာတွင်လည်းကောင်း၊ ငွေကြေးစုဆောင်းရေးတွင်လည်းကောင်း၊ မှတ်တမ်းမှတ်ရာ စာရင်းဇယား၊ ထိန်းသိမ်းထားရှိရေးတွင်လည်းကောင်း ပူးပေါင်းပါဝင်လုပ်ဆောင်ကြရန် တာဝန်ရှိသည်။

(ဇ) အဖွဲ့ဝင်များအတွင်း တူညီသောစီးပွားရေးနှင့် လူမှုရေးမျှော်မှန်းချက်များ ထားရှိခြင်းသည် လုပ်ငန်းအင်အား ပို၍ စည်းလုံးညီညွတ်စေနိုင်ပါသည်၊ လူမှုရေးနှင့် စီးပွားရေးအခြေခံချင်းမတူညီပါလျှင် ပဋိပက္ခ ပြဿနာများ ဖြစ်ပွားရာ အခြေခံဖြစ်သောကြောင့် လုပ်ငန်းအဖွဲ့သည် တကယ်ဖြစ်လာနိုင်သော ရည်မှန်းချက်ပန်းတိုင်များကိုသာ ချမှတ်လုပ်ကိုင် ဆောင်ရွက်ရပါမည်။

(ဈ) လုပ်ငန်းအဖွဲ့များ မအောင်မမြင်ဖြစ်ရသည့် အခြေခံအကြောင်းတစ်ချက်မှာ အချိန်တိုအတွင်း အောင်မြင်မှုတသီကြီး ရယူလိုခြင်းဖြစ်ပါသည်၊ လုပ်ငန်းအဖွဲ့တစ်ခု ဖွဲ့စည်းလိုက်ခြင်းဖြင့် ယင်းတို့၏ ပြဿနာအခက်အခဲများ တစ်မုဟုတ်ချင်း ပြေလည်သွားမည်ဟု ယူဆထားတတ်ကြသည်၊ ယင်းလက်တွေ့မကျသော မျှော်မှန်းချက်များ ဖြစ်မလာသောအခါ စိတ်ဓါတ်ကျပြီး အဖွဲ့လည်း ပျက်စီးသွားနိုင်သည်၊ ထို့ကြောင့် မလျှော့သောဇွဲ၊ ဝီရိယတို့ဖြင့် မိမိတို့ ရည်မှန်းချက်ပန်းတိုင် ရောက်အောင် တစိုက်မတ်မတ် အနစ်နာခံကြိုးစားလုပ်ကိုင်ကြမှသာ လုပ်ငန်းအဖွဲ့ အခြေကျကျ အောင်မြင်တိုးတက်လာမည်ဖြစ်ကြောင်း အဖွဲ့ဝင်အားလုံး အမြဲမပြတ် သတိပြုနေကြရ ပါမည်။

(ည) လုပ်ငန်းအဖွဲ့များကို အခြေခံသဘောထားခြင်းတူသူများ၊ လူမှုရေးနောက်ခံတူသူများဖြင့် ပါဝင်ဖွဲ့စည်း သင့်ပါသည်၊ အဖွဲ့ဝင်များသည် စီးပွားရေးအခြေအနေချင်းတူသူများဖြစ်သင့်သည်၊ ထို့ပြင် လူမှုဆက်ဆံရေးအရ နီးစပ်ဆက်နွယ်နေသူများဖြစ်၍ ရင်းနှီးကျွမ်းဝင်မှုရှိခြင်းက အဖွဲ့အတွင်း ပဋိပက္ခ များကို လျော့ပါးစေနိုင်ပါသည်၊ တစ်ဦးအပေါ်တစ်ဦးပိုမို၍ ယုံကြည်စိတ်ရှိပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းတာဝန်ယူနိုင်ကြပေမည်။

(ဋ) ဝါးကုန်ထုတ်လုပ်မှုအမျိုးအစားအပေါ်အခြေခံ၍ အစုအဖွဲ့ငယ်များဖြစ်သော ကုန်ထုတ်အဖွဲ့ငယ်များ (Small groups) ဖွဲ့စည်းဆောင်ရွက်သင့်ပါသည်၊ ယေဘူယျအားဖြင့် အဖွဲ့ဝင် (၇)ဦးမှ (၁၅)ဦးအတွင်း

ဖြစ်သင့်ပါသည်၊ လုပ်ငန်းအဖွဲ့ငယ်လေးများ ဖြစ်သည့်အတွက် အဖွဲ့ဝင်အားလုံးသည် တစ်ဦးနှင့်တစ်ဦး စကားပြောဆိုဆွေးနွေးရန် အခွင့်အရေးပို၍ ရနိုင်ပါသည်၊ အဖွဲ့၏ တိုးတက်ရာတိုးတက်ကြောင်း စိတ်ကူးစိတ်သန်းကောင်းများ ပိုမိုရရှိပြီး မိမိတို့စွမ်းအားရှိသမျှ ပါဝင်လုပ်ဆောင်ခွင့်ရပါမည်၊ ဆွေးနွေးငြင်းခုံရာမှ အုပ်စုများကွဲပြားသွားခြင်း၊ လူအနည်းစုက လွှမ်းမိုးချယ်လှယ်ခြင်းစသည့် ဖြစ်ရပ်မျိုးဖြစ်ရန် အကြောင်းနည်းပါးပါမည်။

(ဌ) လိုအပ်လာလျှင် ကာလဒေသနှင့်အညီ လုပ်ငန်းအဖွဲ့တစ်ခုစီအတွက် သီးခြားလိုအပ်ချက်၊ ဆောင်ရွက်ချက်များကို သီးခြားစီမံဆောင်ရွက်ရန် လိုအပ်ပါမည်။

**၁၁။ ဝါးကုန်ထုတ်သမဝါယမအသင်းများအတွက် ဆောင်ရွက်ရန်များ**

(က) ကနဦးအနေဖြင့် ဝါးကုန်ထုတ်ပစ္စည်းအမျိုးမျိုးကို အခြေခံသည့် ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့များကို စုစည်း၍ ဝါးကုန်ထုတ်သမဝါယမအသင်း ဖွဲ့စည်းတည်ထောင်မည်ဖြစ်ပါသည်၊ လုပ်ငန်းများ ဦးစီးဆောင်ရွက်မည့် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ စာရင်းကိုင် စာရင်းစစ်နှင့် အနည်းဆုံးအဖွဲ့ဝင် (၅)ဦးမှ (၇)ဦးပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းရန် လိုပါမည်၊ မိမိတို့ ကဏ္ဍအလိုက် ခွဲခြားလုပ်ကိုင်နေသော ဝါးကုန်ထုတ်အဖွဲ့များ စုစည်းတွဲဘက်လုပ်ကိုင်စေပြီး လုပ်ငန်းအဖွဲ့တစ်မျိုးမျိုးသည် တိုးတက်လာပြီး ထိုလုပ်ငန်းဖြင့် အသင်းရပ်တည်လာနိုင်မည်ဆိုလျှင် ထိုလုပ်ငန်းအဖွဲ့ကို အသင်းပင်မလုပ်ငန်းအဖြစ် လုပ်ကိုင်လိုက လုပ်ကိုင်ရန် ဖြစ်ပါသည်။

(ခ) အခြေခံစားသုံးကုန်ပစ္စည်းများမှာ အသင်းသားမိသားစုများအတွက် မရှိမဖြစ် ပစ္စည်းများ ဖြစ်သောကြောင့် ယင်းပစ္စည်းများရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းကို အသင်းဆိုင်ရာလုပ်ငန်းခွဲအဖြစ် မလွဲမသွေ လုပ်ကိုင်သွားရန် ဖြစ်ပါသည်။

(ဂ) အသင်းတစ်ခုလုံးဖြစ်စေ၊ အသင်းအတွင်းရှိ ကဏ္ဍတစ်ခုချင်းအလိုက် ဆောင်ရွက်သောလုပ်ငန်းအဖွဲ့များ အနေဖြင့်ဖြစ်စေ၊ စီးပွားရေး၊ လူမှုရေးတို့အရ တွက်ချေကိုက်သော အရွယ်အစားမျိုး ဖြစ်စေရမည့်အပြင် အသင်းတစ်ခုလုံးအနေဖြင့်လည်း နိုင်ငံတော်၏ တာဝန်တစ်စိတ်တစ်ဒေသကို ထမ်းရွက်နိုင်သော အရွယ်အစားမျိုးဖြစ်စေရန် လိုအပ်ပါမည်။

(ဃ) အသင်းသည် ဝါးအခြေခံကုန်ပစ္စည်းထုတ်လုပ်ငန်းများကို နိုင်ငံတော်၏ စီမံကိန်းစီမံချက်များကို အထောက်အကူပြုသည့်ဘောင်အတွင်းမှ ဆောင်ရွက်ရပါမည်၊ သို့ရာတွင် အသင်းတည်ထောင်စ အချိန်တွင် မြေစမ်း ခရမ်းပျိုးရသည့် အဆင့်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းအောင်မြင်ရေးတို့ကို ဦးတည်ဆောင်ရွက်ရဦးမည်ဖြစ်သဖြင့် နိုင်ငံတော်စီမံကိန်း စီမံချက်တာဝန်များကို အပြည့်အဝ မထမ်းဆောင်ဘဲ ၅၀–၆၀ ရာခိုင်နှုန်းအထိသာ တာဝန်ယူစေပြီး ကျန်အပိုင်းကို အသင်း၏ ဆန္ဒအလျောက် အကျိုးရှိစေမည့် လုပ်ငန်းများကို လုပ်ကိုင်ရန် ဖြစ်ပြီး ရေရှည်တွင်လည်း နိုင်ငံတော် စီမံကိန်းစီမံချက်တာဝန်၏ ၇၀–၈၀ ရာခိုင်နှုန်းအထိခန့်သာ တာဝန်ယူ၍ ဆောင်ရွက်ရန် ဖြစ်ပါသည်။

(င) အိုင်တီတီအိုဝါးစီမံကိန်းကာလအတွင်း အသင်းကထုတ်လုပ်သည့် ထွက်ကုန်များ၏ ဈေးနှုန်းနှင့် ဈေးကွက် အာမခံရရှိစေရန် စီမံကိန်းမှ ဦးဆောင်ကြီးကြပ်ရန်၊ အသင်းအချင်းချင်းဖြစ်စေ၊ နိုင်ငံတော်အဖွဲ့အစည်း များနှင့်ဖြစ်စေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်ဖြစ်စေ၊ ကြိုတင်စာချုပ်၍ လုပ်ဆောင်ရပါမည်၊ စီမံကိန်းကာလ ပြီးဆုံးသောအခါတွင်အလုပ်အမှုဆောင်အဖွဲ့မှစီမံကိန်းမှကြီးကြပ်ဆောင်ရွက်ပေးခဲ့သည့် နည်းလမ်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(စ) အသင်း၏ ဝါးအခြေခံကုန်ထုတ်လုပ်ငန်းအဖွဲ့များ၏ ကဏ္ဍအသီးသီးစီမံချက်များသည် တစ်နှစ်ပတ်လုံး လုပ်ငန်းပမာဏမျှတစေရပါမည်၊ ဝါးကုန်ထုတ်သမဝါယမအသင်း ဖွဲ့စည်းသည့်ရည်ရွယ်ချက်တွင် မိမိတို့၏ လုပ်အားကို အကျိုးရှိရှိ အသုံးပြုလာနိုင်စေခြင်းဖြင့် လုပ်အား၏ ထုတ်လုပ်မှုစွမ်းရည်နှင့် စွမ်းအားကို မြှင့်တင်နိုင်ပြီး ဝင်ငွေပိုမိုရရှိစေရန် ရည်မှန်းခဲ့ကြပေရာ တစ်ခါတစ်ရံ လုပ်ငန်းလုံးဝမရှိဘဲ အားလပ်နေပြီး တစ်ခါတစ်ရံလုပ်ငန်းမနိုင်မနင်းဖြစ်နေခြင်းမျိုးမဖြစ်စေရန် စနစ်တကျလုပ်ငန်း စီမံချက်များ ရေးဆွဲဆောင်ရွက်ရပေမည်။

(ဆ) အသင်းသားများနှင့် လုပ်သားများကို အဆင့်အလိုက်တာဝန်နှင့် ရပိုင်ခွင့်များ အတိအကျ ပြဌာန်း ပေးထားပြီးဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့အလိုက်ခေါင်းဆောင်များ၊ကုန်ထုတ်အဖွဲ့ငယ်ခေါင်းဆောင်များနှင့် ကုန်ထုတ်အဖွဲ့ငယ်များ၏ ကြီးကြပ်သူများအား သက်ဆိုင်ရာလုပ်ငန်းအလိုက် တာဝန်ခံဆောင်ရွက်စေပြီး လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးထားရပါမည်၊ ၎င်းခေါင်းဆောင်နှင့် တာဝန်ခံများသည် သက်ဆိုင်ရာ ဘာသာရပ်အလိုက် (လုပ်ငန်းအလိုက်) လက်တွေ့တတ်ကျွမ်းသူများ ဖြစ်စေရပါမည်၊ ၎င်းတို့အား တစ်နှစ်ထက်တစ်နှစ် ပိုမိုကျွမ်းကျင်လာစေရန် စဉ်ဆက်မပြတ် တာဝန်ပေး လုပ်ကိုင်စေရပါမည်။

(ဇ) အိုင်တီတီအိုဝါးစီမံကိန်းမှ ကျွမ်းကျင်သူပညာရှင်များထံမှ အကြံဉာဏ်များ ရယူရမည့်အပြင် အခါအားလျော်စွာ ကျွမ်းကျင်သူပညာရှင်များကို အသင်း၏ စီမံချက်များအရ လိုအပ်ပါက သတ်မှတ်သည့် နှစ်ကာလနှင့်အညီ စာချုပ်ဖြင့် ငှားရမ်းခန့်ထားရန်နှင့် ပုတ်ပြတ်အခစားလုပ်ငန်းကြီးကြပ်သူများကို အသင်းသားများထဲမှ ရွေးချယ်တာဝန်ပေးရန် ဖြစ်ပါသည်။

(ဈ) လုပ်ငန်းကြီးကြပ်သူများအား အသင်းလုပ်ငန်း အောင်မြင်ရေးအတွက် ကြီးကြပ်သည့် လုပ်ငန်းကိုသာမက ကုန်ထုတ်လုပ်မှုတွင်ပါ ဝင်ရောက်လုပ်ကိုင်စေရပါမည်၊ အလုပ်လုပ်ယင်း ကြီးကြပ်၊ ကြီးကြပ်ယင်း အလုပ်လုပ်စေသည့် သဘောပင်ဖြစ်ပါသည်၊ ထိုသို့ဆောင်ရွက်စေခြင်းဖြင့် လုပ်အားအဟောသိကံဖြစ်မှု (လုပ်အားဆုံးရှုံးမှု)မှ ကာကွယ်ပြီး ဖြစ်စေပါမည်၊ ထိုပုဂ္ဂိုလ်များအားကုန်ထုတ်လုပ်ခအပြင်ကြီးကြပ်ခကိုပါ ခံစားခွင့် ပြုရပါမည်၊ နှုန်းထားများကို အသင်း၏ အစည်းအဝေးများမှ သတ်မှတ်ပေးရန် ဖြစ်ပါသည်၊ အသင်းလုပ်သားများ၏ လုပ်ခနှုန်းထားများ သတ်မှတ်ပေးရာတွင် ၎င်းဒေသအတွင်းရှိ အခြားအဖွဲ့အစည်းများမှ အဆင့်တူလုပ်သားများ၏ လုပ်ခနှုန်းထားနှင့် လွန်စွာခြားနားမှု မရှိစေရန် သတိပြုရပါမည်။

(ည) အသင်းတွင် ဆုပေးဒဏ်ပေးစနစ်ကို သမဝါယမအသင်းစည်းကမ်းဥပဒေနှင့်အညီ တိကျစွာ ကျင့်သုံးရန် ဖြစ်ပါသည်၊ အသင်းမှ အပတ်စဉ်လစဉ်ထုတ်ပေးသောလုပ်ခ၊ လစာ၊ ထောက်ပံ့ကြေးစသည်များကို အပြည့်အဝ အပြတ်ထုတ်မပေးဘဲ၊ ၉၀ ရာခိုင်နှုန်းခန့်သာ ထုတ်ပေးပြီး ကျန် ၁၀ ရာခိုင်နှုန်းခန့်ကို နှစ်ကုန်သည့်အချိန်တွင် ထုတ်လုပ်မှုလျာထားချက်ပြည့်မီခြင်း ရှိမရှိအပေါ်မူတည်၍ ပေးချေရန် ဖြစ်ပါသည်။

(ဋ) အသင်းသားများနှင့် လုပ်သားများအား ၎င်းတို့၏ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားအလိုက် လုပ်ဆောင်မှု စံနှုန်းအရ လုပ်ခနှင့် အစုထည့်ဝင်မှုတို့အပေါ် အကျိုးခံစားခွင့်ရှိအောင် စီစဉ်ပေးရပါမည်။

(ဌ) အသင်း၏ အမြတ်ငွေပေါ်မှ ဆုကြေးပေးရန် သတ်မှတ်ထားသော ငွေကို အသင်းသားအားလုံးနှင့် အသင်းဝန်ထမ်းအားလုံးတို့အား ၎င်းတို့၏ တစ်နှစ်ပတ်လုံးရရှိသော ထောက်ပံ့ကြေး၊ လစာ၊ လုပ်ခဝင်ငွေ စုစုပေါင်းတို့အပေါ် အခြေခံ၍ အချိုးကျ ခွဲဝေပေးရန် ဖြစ်ပါသည်။

(ဍ) အချိန်ပြည့်အမှုဆောင်ကော်မတီဝင်များနှင့် ဝန်ထမ်းများသည် ထောက်ပံ့ကြေးခံစားသူ (သို့မဟုတ်) လခစားဖြစ်စေရန်နှင့် ကုန်ထုတ်လုပ်ငန်းတွင် တိုက်ရိုက်လုပ်ကိုင်သူတိုင်းသည် လုပ်ငန်းစံနှုန်းအရ ပုတ်ပြတ်အခစားဖြစ်စေရပါမည်။

(ဃ) အသင်းများသည် တည်ထောင်ကာစတွင်သာ စီမံကိန်းမှ အကူအညီရယူခြင်းနှင့် လိုအပ်ပါက နိုင်ငံတော်မှ ချေးငွေကို ရယူရန် ဖြစ်သော်လည်း ရေရှည်တွင် စီမံကိန်းနှင့် နိုင်ငံတော်မှ အကူအညီကို မရယူဘဲ ကိုယ်ပိုင်ရပ်တည်လုပ်ကိုင်သွားရန် ဖြစ်ပါသည်။

(ဇ) ဝါးကုန်ထုတ်သမဝါယမအသင်းများသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဗဟိုအဆင့်နှင့် သက်ဆိုင်ရာ တိုင်း/ပြည်နယ်နှင့် မြို့နယ်သမဝါယမ ဦးဆောင်အဖွဲ့များနှင့် သမဝါယမအသင်းအဆင့်ဆင့်တို့၏ ကြီးကြပ်ကွပ်ကဲလမ်းညွှန်မှုတို့ကိုလည်း ခံယူကြရပါမည်။

**၁၂။ နိဂုံး**

ဤဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့များ (Bamboo Products Producer Groups) နှင့် ဝါးကုန်ထုတ် သမဝါယမအသင်းများ (Bamboo Products Co-operatives) ဖွဲ့စည်းရေး လမ်းညွှန်သည့် မူကြမ်းတစ်ခုသာ ဖြစ်ပါသည်၊ အိုင်တီတီအိုဝါးစီမံကိန်းကာလအတွင်း အသင်းအဖွဲ့များ ဖွဲ့စည်းရာတွင် လမ်းညွှန်အဖြစ် အသုံးပြုရန် ဖြစ်ပါသည်၊ စီမံကိန်းပြီးဆုံးသောအခါတွင် ကျေးလက်ပြည်သူများအနေဖြင့် ဝါးအခြေခံပစ္စည်းထုတ်လုပ်မှုတွင် ပိုမိုပါဝင်လာပြီး အဆင့်မြင့်သော ဝါးအခြေခံကုန်ချောများ ထုတ်လုပ်နိုင်ရန် ဝင်ငွေပိုမိုရရှိရေးကို ရည်ရွယ်ပါသည်၊ ဝါးကုန်ထုတ်လုပ်ငန်းအဖွဲ့များနှင့် ဝါးကုန်ထုတ်သမဝါယမသင်းများ ဖွဲ့စည်းရေးတွင် ဤလမ်းညွှန်ချက်ပါ အချက်များကို ရည်ညွှန်း အသုံးချရန်ဖြစ်ပြီး အချိန်နှင့်လုပ်ငန်း အတွေ့အကြုံများအပေါ် မူတည်၍ လိုအပ်လာပါက လမ်းညွှန်ချက်များကို ဖြည့်စွက်ပြင်ဆင် ဆောင်ရွက်သွားရပါမည်။